၁၃၈၄-ခုနှစ်၊ နှစ်ဦး တန်ခူးလပြည့်ကျော်(၉)ရက်၊ (၂၄-၄-၂၀၂၂) တနင်္ဂနွေနေ့
အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်ဆစ္စကို ဗေးဧရိယာမှာရှိတဲ့
ထေရဝါဒဓမ္မအသင်းက ဆင်ယင်ကျင်းပသော အပတ်စဉ် ဓမ္မသင်တန်း

*********

ဗုဒ္ဓခေတ် တစ်မိုးအောက်တစ်ယောက်ပုဂ္ဂိုလ်ကျော်များ
(ဧတဒဂ်ရပုဂ္ဂိုလ်ကျော်များ)

**ရဟန်းသိက္ခာ ဝါအကြီးဆုံး ရတ္တညူဧတဒဂ်ရ**
**မိထွေးတော် မဟာပဇာပတိ ဂေါတမီ ထေရီ**

(သင်တန်းမှတ်းစု အကျဉ်း)

(က) အတိတ်ဘဝပါရမီ

- ပဒုမုတ္တရာမြတ်စွာဘုရားအထံတော်၌ ကုသိုလ်ကောင်းမှုပြုပြီး ရတ္တညူဧတဒဂ် ဆုပန်ခဲ့။

- ဘဝတစ်ခုမှာ ကျွန်အကြီးအကဲရဲ့ ဇနီးဖြစ်စဉ် အခြံအရံ ကျွန်မ ငါးရာနဲ့အတူ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ငါးရာကို လေးလတိတိ ဆွမ်းလောင်းလှူ၊ ဝါကျွတ်တဲ့အခါ သင်္ကန်းများ ကပ်လှူခဲ့။

(ခ) ပစ္ဆိမပွန်နောက်ဆုံးဘဝ ဖြစ်ရပ်များ

- ဒေဝဒဟပြည်က မဟာသုပ္ပဗုဒ္ဓ သာကီဝင်မင်းကြီးရဲ့ သမီးဖြစ်လာခဲ့။ မဟာပဇာပတိ ဂေါတမီလို့ အမည်တွင်။ အစ်မတော်က မဟာမာယာ။ အရွယ်ရောက်တဲ့အခါ ညီအစ်မ နှစ်ယောက်လုံး ကပိလဝတ်က သုဒ္ဓေါဒန မင်းကြီးရဲ့ မိဖုရားများ ဖြစ်ခဲ့ကြ။ အစ်မတော်က သိရီမဟာမာယာဒေဝီ မိဖုရားခေါင်ကြီးဖြစ်၊ မဟာပဇာပတိ ဂေါတမီက အရံမိဖုရားဖြစ်။

- ဘုရားအလောင်းတော် မယ်တော်မာယာ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေတည်လာပြီး မဟာ သက္ကရာဇ် ၆၈-ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဖွားမြင်။ (အဲဒီအချိန်မှာ ဘုရားလောင်းမယ်တော်ရဲ့ အသက်က ၅၆-နှစ်၊ ၂-လခန့် ရှိ။ မဟာပဇာပတိ ဂေါတမီရဲ့ အသက်လည်း ၅၅-နှစ်ခန့် ရှိ။ မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ စာမျက်နှာ၊ ၁၄။)

- ခုနစ်ရက်နေပြီး ဘုရားလောင်းရဲ့ မယ်တော်ရင်း မယ်တော်မာယာ နတ်ရွာစံ။ အဲဒီအချိန်က စပြီး မိထွေးတော် မဟာပဇာပတိဂေါတမီက ဘုရားလောင်းတော် သိဒ္ဓတ္ထမင်းသားလေးကို နို့ချို တိုက်ကျွေး မွေးမြူ စောင့်ရှောက်ခဲ့။

- မြတ်စွာဘုရားလောင်း ၂၉-နှစ်မှာ တောထွက်၊ ၃၅-နှစ်မှာ ဘုရားဖြစ်။ မဟာသက္ကရာဇ် ၁၀၃ -ခုနှစ်၊ ကဆုန်လမှာ ဘုရားဖြစ်။ မဟာသက္ကရာဇ် ၁၀၄-ခုနှစ်၊ ကဆုန်လ၊ (ဘုရားဖြစ်ပြီး တစ်နှစ် အကြာ) မြတ်စွာဘုရား သက်တော် ၃၆-နှစ်မှာ မွေးရပ်မြေ ကပိလဝတ်ကြွပြီး တရားဟော။

- "ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။ ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိစ" ဂါထာအဆုံးမှာ ဖခင် သုဒ္ဓေါဒနမင်းကြီး သောတာပန်ဖြစ်။ နန်းတော်ရောက်တဲ့အခါ "ဓမ္မံ စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။ ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ" ဂါထာအဆုံးမှာ သုဒ္ဓေါဒန

မင်းကြီး သကဒါဂါမိဖြစ်။ မိထွေးတော် မဟာပဇာပတိ ဂေါတမီ သောတာပန်ဖြစ်။ (မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ စာမျက်နှာ၊ ၁၂၄။ ၁၂၅။)

- မြတ်စွာဘုရား ကပိလဝတ်ရောက်ပြီး ၂, ရက် ၃, ရက်အကြာမှာ ညီတော် နန္ဒမင်းသားကို ရဟန်းပြုပေး။ ၇ - ရက်မြောက်တဲ့နေ့မှာ သားတော် ရာဟုလာကို ရှင်ပြုပေး။ အဲဒီနောက် ခမည်းတော် သုဒ္ဓေါဓနမင်းကြီးကို မဟာဓမ္မပါလဇာတ် ဟောကြားပြီး အနာဂါမ်တည်စေခဲ့။

- မိထွေးတော်က ကိုယ်တိုင် သင်္ကန်းယက်လုပ်ပြီး မြတ်စွာဘုရားကို ကပ်လှူ။ မြတ်စွာဘုရားက အဲဒီသင်္ကန်းကို သံဃာတော်အား လှူခိုင်းပြီး ဒက္ခိဏာဝိဘင်္ဂသုတ္တန်ကြီးကို ဟောတော်မူ။ (မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ စာမျက်နှာ၊ )

- မြတ်စွာဘုရား ၅-ဝါမြောက်ဝါကို ဝေသာလီပြည်၊ မဟာဝန်တော၊ ကူဋာဂါရ ကျောင်းတိုက်မှာ ဝါကပ်တော်မူ။ အဲဒီဝါတွင်းမှာပင် ခမည်းတော် သုဒ္ဓေါဓနမင်းကြီး ကပိလဝတ်ရွှေနန်းတော်၊ ထီးဖြူတော်အောက်မှာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြု။ (မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ စာမျက်နှာ ၄၁၄။)

- မိထွေးတော် မဟာပဇာပတိ ဂေါတမီဟာ သာကီဝင် မင်းသမီး ငါးရာနှင့်အတူ ရဟန်းအသွင်ကို ကိုယ်တိုင်ယူခဲ့ကြပြီး ကပိလဝတ်ကနေ ၅၁-ယူဇနာဝေးတဲ့ ဝေသာလီကို ခြေကျင်ခရီးဖြင့် သွားကာ၊ အရှင်အာနန္ဒာရဲ့ အကူအညီနဲ့ ဘိက္ခုနီရဟန်းပြုခွင့် တောင်းပန်ခဲ့။ ဂရုဓမ် ၈-ပါး တရား နာယူပြီး ဘိက္ခုနီရဟန်းမအဖြစ်ကို ရရှိခဲ့။ (မိထွေးတော်ကြီး အသက် ၉၅-နှစ်ခန့် ရှိပြီ။)

- သံခိတ္တဓမ္မ တရားကို နာယူပြီး တရားကျင့်၊ မကြာခင် မိထွေးတော်ကြီး ရဟန္တာဖြစ်ခဲ့။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ တတိယတွဲ၊ စာမျက်နှာ ၁၀၆။)

- အရှင်နန္ဒကဟောကြားသည့် နန္ဒကောဝါဒသုတ်ကို နာယူပြီး သာကီဝင်မင်းသမီး ဘိက္ခုနီမ ငါးရာတို့ တရားထူးများ ရရှိခဲ့ကြ။ (မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ စာမျက်နှာ၊ ၃၁၄။)

- ရတ္တညူ ဧတဒဂ် ရရှိခဲ့။

(ဂ) မိထွေးတော်ကြီးနှင့် သာကီဝင်မင်းသမီး ဘိက္ခုနီမ ငါးရာ ပရိနိဗ္ဗာန်စံခန်း

- သက်တော် (၁၂၀) မှာ ပရိနိဗ္ဗာန်ပြုရန် ဆုံးဖြတ်

**- ကျောင်းစောင့်နတ်များနဲ့ တပည့်ရဟန်းမများကို နှစ်သိမ့်တရားဟောတော်မူပုံ**

" န ဇရာ မစ္စု ဝါ ယတ္ထ၊ အပ္ပိယေဟိ သမာဂမော။ ပိယေဟိ န ဝိယောဂေါတ္ထိ၊ တံ ဝဇိသံ အသင်္ခတံ" "အကြင်နိဗ္ဗာန်၌ အိုခြင်းသည်လည်းကောင်း၊ မုန်းသူတို့နှင့် ပေါင်းရခြင်းသည် လည်းကောင်း၊ ချစ်သူတို့နှင့် ကွေကွင်းရခြင်းသည်လည်းကောင်း မရှိချေ။ ငါသည် အကြောင်းတရား တို့သည် မပြုပြင်အပ်သော ထိုနိဗ္ဗာန်ကို ဝင်စံပေတော့အံ့"။ (ထေရာထေရီအပဒါန်ပါဠိတော်၊ ဒုတိယတွဲ၊ စာမျက်နှာ ၂၀၈။)

